International
Labour
Organization

# အဓမ္မလုပ်အားခိုင်းစေမှုပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရကထားရှိသောလမ်းစဉ်အား အထောက်အကူပြုခြင်း


စတိ(ဖ်)မာရှယ်(လ်)
အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိ
ရန်ကုန်




*Decent Work for All*

**ASIAN DECENT WORK DECADE 2006-2015**

# အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း။

International
Labour
Organization

- မည်သည့်အလုပ်ကိုမဆို ခိုင်းစေခြင်းခံရသူ၏ ဆန္ဒ နှင့်ဆန့်ကျင်လျက် လုပ်ပေးရခြင်း
- ယင်းသို့ခိုင်းစေမှုကို လိုက်လျောလုပ်ဆောင်မှုမပြုလျှင် သို့မဟုတ် ပူးပေါင်းလုပ်ဆောင်မှု မရှိလျှင် တစ်စုံတစ်ရာသောပြစ်ဒဏ်ခံရမည်ဟူသော ခြိမ်းခြောက်မှုအောက်တွင် လုပ်ဆောင်ပေးရခြင်း

<u>အောက်ပါလုပ်ရပ်များပါဝင်သည်</u>

- မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်တို့အတွက် လုပ်ပေးရန်လိုအပ်သောအလုပ်များ
- စစ်ဘက်ဆိုင်ရာအတွက်လုပ်ဆောင်ပေးရန် လိုအပ်သောအလုပ်များ သို့မဟုတ်
- ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လုပ်ဆောင်ပေးရန် လိုအပ်သောအလုပ်များ
- အရွယ်မရောက်သေးသူ (အသက် ၁၈ နှစ်အောက်) များ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ အဓမ္မ သို့မဟုတ် တခြားတစ်နည်းနည်းဖြင့် ဝင်ရောက်အမှုထမ်းစေခြင်းတို့ပါဝင်သည်။



# အဓမ္မမဟုတ်သော လုပ်အားပေးမှုဆိုသည်မှာ-

International
Labour
Organization

- လူ့အဖွဲ့အစည်းတစ်ရပ်ရပ်အတွက် ပြုလုပ်အပ်သောသာမာန်အသေးအဖွဲ အလုပ်များ
- အရေးပေါ်ကိစ္စရပ်များတွင် ပြုလုပ်အပ်သောအလုပ် သို့မဟုတ် ဝန်ဆောင်မှု
- စစ်မှုမထမ်းမနေရ (နိုင်ငံတော်မှ ဥပဒေဖြင့်ပြဋ္ဌာန်းကျင့်သုံးသည့်အခါ)
- အကျဉ်းသားလုပ်အား - နိုင်ငံတော်တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားကြောင်း ပြစ်ဒဏ်ချမှတ်ပြီးနောက် (တင်းကြပ်သောစည်းကမ်းချက်များ ပြဋ္ဌာန်းထားပါသည်)



# လူ့အဖွဲ့အစည်းတစ်ရပ်ရပ်အတွက် ပြုလုပ်အပ်သော သာမန်အသေးအဖွဲ့အလုပ်များ လုပ်ဆောင်ရာတွင်

International Labour Organization

- ယင်းလူ့အဖွဲ့အစည်းဝင်လူများမှတာဝန်ယူဆောင်ရွက်လုပ်ကိုင်မှုဖြစ်ရမည်။
- ပြုလုပ်သူ၏သဘောဆန္ဒ အလျောက်ပြုလုပ်မှုကိုအခြေခံရမည်။
- လူ့အဖွဲ့အစည်းမှသော်၎င်း၊ ယင်းအားကိုယ်စားပြုသူများမှသော်၎င်း၊ လုပ်ကိုင်ဆောင်ရွက်ကြမည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှုအတွက် လိုအပ်ချက်များနှင့် အချိန်စသည့်ကိစ္စများကို ညှိနှိုင်းတိုင်ပင်ကြရမည်။
- အများပြည်သူမှလည်း ၎င်းတို့ဆောင်ရွက်လုပ်ကိုင်ကြမည့် အလုပ်သည်၎င်းတို့၏တိုက်ရိုက်အကျိုးစီးပွားအတွက် ဖြစ်သည်ဟုခံယူသောအလုပ်ဖြစ်ရမည်။



# လူ့အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများအတွက်လိုအပ်ချက်များ

International Labour Organization

- တစ်စုံတစ်ခုသောလုပ်ငန်းလုပ်ရန် မေတ္တာရပ်ခံရသော ပြည်သူတစ်ဦးချင်းအနေဖြင့် ယင်းအလုပ်ကို လုပ်ရန် သဘောတူ သို့မဟုတ် ငြင်းဆိုပိုင်ခွင့်ရှိသည်။
- နိုင်ငံ၀န်ထမ်းများတွင် ၎င်းတို့လုပ်ဆောင်ရန် လိုအပ်သော လုပ်ငန်းတာ၀န်များရှိပါသည်။ ပြည်သူများအနေဖြင့် ဥပဒေကိုလိုက်နာရန်လိုအပ် သော်လည်း စေတနာ၀န်ထမ်းမဟုတ်သော လုပ်ငန်းများ အတွက် မဖြစ်မနေဆောင်ရွက်ရမည့် တာ၀န်မရှိပေ။
- ပြည်သူများအနေဖြင့် မေတ္တာရပ်မှုကို အပြစ်တစ်စုံတစ်ရာအတွက် ခြိမ်းခြောက်မှု သို့မဟုတ် တစ်နည်းတစ်ဖုံခြိမ်းခြောက်မှုမျိုးမပါဘဲ မိမိသဘော ဆန္ဒ အလျောက် သဘောတူညီမှုမျိုးဖြစ်ရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက ယင်းသို့မေတ္တာရပ်မှုတွင် အခကြေးငွေဖြင့်ကမ်းလှမ်းသော်လည်း အဓမ္မခိုင်း စေမှုပင်ဖြစ်သည်။
- မေတ္တာရပ်ခံလုပ်ခိုင်းသော အလုပ်ကိုလုပ်ရန် ငြင်းဆန်နိုင်သည်။ ထိုသို့ငြင်းဆန်ခြင်းကို ပြစ်ဒဏ်ခတ်မှုတစ်စုံတစ်ရာဖြင့် ပြန်လည်တုန့်ပြန်လျှင်၊ ထိုသို့တုန့်ပြန်မှုသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။



International Labour Organization

# အပြစ်ပေးခြိမ်းခြောက်မှုပုံစံများ

- ဒဏ်ရိုက်ခြင်း (ငွေကြေး သို့မဟုတ် ကောက်ပဲသီးနှံ သို့မဟုတ် အခြား သောပိုင်ဆိုင်မှုပစ္စည်းတစ်စုံတစ်ရာ)
- အပြစ်ဒဏ်ပေးသောအနေဖြင့် အခြားတစ်နည်းတစ်ဖုံလုပ်အားဖြင့်ပေးဆပ်စေခြင်း
- တစ်ဖက်သတ်အခွန်အတုတ်ကောက်ခံခြင်း
- ရပ်ရွာပိုင်အဆောက်အအုံ အထောက်အပံ့ပစ္စည်းတို့ကို သုံးစွဲခြင်းမှပိတ်ပင်တားဆီးခြင်း
- နေရင်းရပ်ရွာမှထွက်ခွာသွားရမည်ဟုခြိမ်းခြောက်ခြင်း
- လယ်ယာမြေပေါ်မှနှင်ထုတ်ခြင်း



# အဓမ္မခိုင်းစေမှု၏ဥပမာများ

International Labour Organization

- တောင်သူလယ်သမားအား ၎င်းတို့၏မိရိုးဖလာလယ်ယာများတွင်ကောက်ပဲသီးနှံ/အပင်သစ်များကို မစိုက်ပျိုးက ယင်းလယ်ယာမှထွက်ခွာရမည်ဟု ခြိမ်းခြောက်၍ အဓမ္မစိုက်ပျိုးစေခြင်း။
- တောင်သူလယ်သမားများအား အစိုးရပိုင်သစ်တော (သို့) စိုက်ခင်းတို့ကို မစောင့်ရှောက်၊ မပြုစုပါက မတန်တဆ အကောက်ခွန်များကောက်ခံမည် (သို့) လယ်ယာမြေပေါ်မှနှင်ထုတ်ခံရမည်ဟုခြိမ်းခြောက်၍ပြုစု စောင့်ရှောက်စေခြင်း။
- တောင်သူလယ်သမားများအား အမိန့်အာဏာဖြင့်လိုရာကောက်ပဲသီးနှံစိုက်ပျိုးခိုင်းပြီး ညှိနှိုင်းမှုမရှိသော အောက်ဈေးဖြင့် လက်ဝါးကြီးအုပ်ဝယ်ယူသူထံသာလျှင် ရောင်းချစေခြင်း၊ မနာခံလျှင်လယ်မြေမှနှင်ထုတ် ခြင်းခံရမည်ဟုခြိမ်းခြောက်ခြင်း။
- တောင်သူလယ်သမားတို့အား ၎င်းတို့၏စိုက်ပျိုးရေးဝင်ငွေ၏ တစ်စိတ်တစ်ဒေသ (သို့) အားလုံးကို တခြားတစ်နေရာတွင် အမိန့်အာဏာဖြင့်စိုက်ပျိုးတိုးချဲ့ထားသည့် ကောက်ပဲသီးနှံအတွက် အကယ်၍မနာခံ လျှင်၎င်းတို့အားလယ်ယာမြေမှ နှင်ထုတ်ခံရမည်ဟုခြိမ်းခြောက်လျက် ပံ့ပိုးထောက်ပံ့စေခြင်း၊



# အဓမ္မခိုင်းစေမှု၏အခြားလုပ်ငန်းဥပမာများ

International Labour Organization

- ကင်းစောင့်ခိုင်းခြင်း၊
- ပေါ်တာအထမ်းသမားအဖြစ်ခိုင်းစေခြင်း၊ (တပ်မတော်အတွက်စားရေရိက္ခာနှင့် စစ်လက်နက်ပစ္စည်းများသယ်ထမ်းပို့ရခြင်း)
- လမ်းပြုပြင်ခြင်း/လှပအောင်ပြုလုပ်ပေးရခြင်း
- အာဏာပိုင်တို့၏အိမ်ရာများအားပြုပြင်ပေးရခြင်း၊
- အစိုးရစီမံကိန်းများသို့ ဆောက်လုပ်ရေးပစ္စည်းများသယ်ယူပို့ဆောင်ပေးရခြင်း၊

ဤလုပ်ငန်းများသည် လူ့အဖွဲ့အစည်းအတွက်လုပ်ပေးရသော
သာမာန်အသေးအဖွဲအလုပ်များ မဟုတ်ပါ။



# အဓမ္မ သို့မဟုတ် အသက်မပြည့်သေးသောကလေးသူငယ်များအား စစ်မှုထမ်းစေခြင်း

International
Labour
Organization

- (၂)ရက်နေ့ အောက်တိုဘာလ ၁၉၉၇ခုနှစ် နေ့စွဲပါ၊ တပ်မတော်ညွှန်ကြားချက် ၁/၁၃၁/ရေး ၁(က) အရ တပ်မတော်အတွင်းသို့ စစ်သားသစ်အတင်း အကြပ်သွတ်သွင်းမှုသည် အဓမ္မလုပ်အားခိုင်းစေမှုပင်ဖြစ်သည်။
- မြန်မာနိုင်ငံတော်ဥပဒေအရ အသက်(၁၈)နှစ် မပြည့်သေးသော ကလေး သူငယ်များအား တပ်မတော်တွင်းဝင်ရောက်အမှုထမ်းစေခြင်းသည် တရား မဝင်ပေ၊ ကာကွယ်ရေးကောင်စီ ညွှန်ကြားချက်အမှတ် - ၁၃/၇၃
- အသက်မပြည့်သူတစ်ဦးသည် ၎င်း၏ ဆန္ဒ အလျောက်ပင်ဖြစ်စေတပ်မတော် သို့ဝင် ရောက်အမှုထမ်းခွင့်မရှိပေ၊ နိုင်ငံတော်၏ဥပဒေများကိုချိုးဖောက်ခြင်း အားသဘောတူခွင့်မပြုနိုင်ပေ။



# အရွယ်မရောက်သေးသည့်ကလေးသူငယ်တစ်ဦးအားတပ်ပြေးအဖြစ်စွပ်စွဲခြင်း

International Labour Organization

- တပ်မတော်အတွင်းသို့တရားမဝင်သွတ်သွင်းခြင်းခံရသည့် အသက်မပြည့်သေးသော ကလေးသူငယ်တစ်ဦးအား တပ်ပြေးတစ်ဦးအဖြစ် တရားဝင်စွပ်စွဲ၍မရပါ။

- အကယ်၍အသက် ၁၈ နှစ်အောက် ကလေးသူငယ်တစ်ဦးသည် တပ်မှထွက်ပြေးလာပြီး၊ သင့်ဝန်းကျင်ရှိ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာလျှင် ၎င်းကလေးသူငယ်အား တပ်တွင်းသို့ ပြန်လည်ရောက်ရှိရန် တစ်နည်းနည်းဖြင့် သင်ကူညီလျှင် သင်သည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။



International
Labour
Organization

# အရေးယူဆောင်ရွက်မှု

- မြန်မာနိုင်ငံတော်ဥပဒေအရ-ဥပဒေနှင့်မညီသော မည်သည့်အဓမ္မလုပ်အားရယူမှုမဆိုပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အရေးယူခြင်းခံရမည် - အမိန့် ၁/၉၉
- နိုင်ငံတော်အာဏာပိုင် အဆင့်ဆင့်သည် ဤအမိန့်နှင့်ယင်းအားဖြည့်စွက်သည့် အမိန့် (၂၇-၁၀-၂၀၀၀) များကိုလိုက်နာရမည်။
- **ရာဇသတ်ကြီးဆိုင်ရာ ပြစ်မှုဥပဒေပုဒ်မ(၃၇၄)** ဖြင့် တရားစွဲဆိုရန် **တရားရုံးချုပ်** မှသတ်မှတ် ညွှန်ကြားထားပါသည်။



# နောက်ဆက်တွဲ စာချွန်လွှာ

International
Labour
Organization

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့ အကြားနောက်ဆက်တွဲနားလည်မှု စာချွန်လွှာတွင် သဘောတူခဲ့ကြသည်မှာ-

- အဓမ္မခိုင်းစေမှုပြုလုပ်ကြောင်း စွပ်စွဲလျက် တိုင်တန်းမှုပြုလုပ်နိုင်သည့်အခွင့် အရေးကို အောက်ပါ လူပုဂ္ဂိုလ်များနှင့်ကိစ္စရပ်တို့အတွက် ခွင့်ပြုထားပါသည်။
    - မည်သူမဆို
    - မြန်မာနိုင်ငံအတွင်း နေထိုင်သူမှ တိုင်ကြားမှုပြုခြင်း
    - အမှန်တကယ် အဓမ္မလုပ်အားခိုင်းစေခြင်းခံရသူ(များ)က တိုင်တန်းမှုပြုခြင်း
- တရားမှန်ကန်မှု သို့မဟုတ် ကုစားမှုကိုရှာဖွေရန်အလို့ငှါ တိုင်တန်းမှုပြုခြင်း
- ယင်းသို့တိုင်တန်းမှုအတွက် တိုင်တန်းသူ သို့မဟုတ် အခြားဆက်စပ်ပတ်သက်သူ(များ)အား လက်တုံ့ပြန် အရေးယူမှု အလျဉ်းမရှိဟု အပြည့်အဝယုံကြည်စိတ်ချလျက် တိုင်တန်းမှုပြုခြင်း



# ဤနောက်ဆက်တွဲ သဘောတူညီချက်သည် မည်သို့မည်ပုံ လုပ်ဆောင်ပါသနည်း။

International Labour Organization

- စွပ်စွဲတိုင်တန်းစာများကို အိုင်အယ်(လ်)အို သို့ပေးပို့ခြင်း
- ယင်းသို့ပေးပို့ထားသော သတင်းအချက်အလက်များအပေါ် ဓမ္မဓိဌာန်ကျကျ အကဲဖြတ်မှုပြုလုပ်ခြင်း
- အကယ်၍လိုအပ်လာပါက၊ အိုင်အယ်(လ်)အိုဆက်ဆံရေးအရာရှိမှ ပြစ်မှုကျူးလွန်မှုဖြစ်ပွားသည်ဟု တိုင်တန်းချက်တွင် ဖော်ပြခံရသောဒေသို့ လွတ်လပ်သောအကဲဖြတ်အဖွဲ့ဖြင့် သွားရောက်အကဲဖြတ်မှု ပြုလုပ်နိုင်ခြင်း
- အကြောင်းချင်းရာများခိုင်လုံပါက ယင်းအချက်အလက်များနှင့်တကွ အကြံပြု တိုက်တွန်းချက်များကို နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအဖွဲ့သို့တင်ပြခြင်း
- ကျူးလွန်ခံရသူ(များ)အတွက် တရားမျှတမှုရရှိစေရေးနှင့်ပြစ်မှုကျူးလွန်သူ(များ)အား အရေး ယူအပြစ်ပေးနိုင်ရန်အလို့ဌါ နိုင်ငံတော်အစိုးရ၏လုပ်ငန်းအဖွဲ့မှ လက်ခံရရှိသော အချက်အလက် များနှင့်အကြံပြုတိုက်တွန်းချက်များကို ကျနသေချာစွာစုံစမ်းစစ်ဆေးမှုနှင့် စိစစ်မှုများပြုလုပ်ရန် အမိန့်ထုတ်ပြန် ခြင်း
- အမှုကိုကျေနပ်နှစ်ခြိုက်စွာ ပိတ်သိမ်းပြီးသည့်တိုင်အောင် အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိသည် လုပ်ငန်းစဉ်တစ်လျှောက်လုံး နိုင်ငံတော်အစိုးရနှင့် နီးကပ်သောဆက်သွယ်မှုထားရှိခြင်း



# နိုင်ငံတော်အစိုးရ၏ကတိကဝတ်

- နားလည်မှုစာချွန်လွှာသည် တိုင်တန်းသူများ၊ ကျူးလွန်ခံရသူများနှင့်အခြား သက်ဆိုင်ပက်သက် သူများအား နားလည်မှုစာချွန်လွှာအားအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်နှင့် ယင်းသို့ ဆောင်ရွက်မှုပြီးမြောက်သွားသည့် ကာလတိုင်စေ ခြိမ်းခြောက်မှု၊ တရားစွဲဆိုမှု သို့မဟုတ် အခြားတစ်နည်းတစ်ဖုံလက်တုံ့ပြန်မှုများမှ အကာအကွယ်ပေးမှုကိုအာမခံပါသည်။

- တိုင်တန်းမှုနှင့်ပက်သက်သူများကို လက်တုံ့ပြန်အရေးယူမှုမျိုးမရှိကြောင်း၊ စစ်ဆေး အတည်ပြုနိုင်ရန်အလို့ငှါ၊ အိုင်အယ်(လ်)အိုဆက်ဆံရေးအရာရှိ နှင့်ကျူးလွန်ခံရသူများ၊ တိုင်တန်းသူများ၊ တိုင်တန်းသူ၏ ကိုယ်စားလှယ် သို့မဟုတ် အခြားသက်ဆိုင်ပတ်သက် သူများကြားတွင်လွတ်လပ်ပြီး လုံခြုံစိတ်ချရသောဆက်သွယ်မှုရှိပါသည်။



# ခြိမ်းခြောက်နှောက်ယှက်မှုကိုဖွဲ့စည်းဖြစ်ပေါ်စေသောလုပ်ရပ်များမှာ-

International
Labour
Organization

- အာဏာပိုင်များ၏ပရဝုဏ်အတွင်းသို့ တိုင်ကြားသူများအားဆက်တိုက်ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊
- ခံဝန်ချက်များကိုအဖန်တစ်လဲလဲလက်မှတ်ရေးထိုးပေးရခြင်း (သို့) ကျူးလွန်ခံရသူအားရင်းမသိသည့် အချက်အလက်များအပေါ် ခံဝန်လက်မှတ်ရေးထိုးခိုင်းခြင်း၊
- ကျူးလွန်ခံရသူနှင့်၎င်း၏မိသားစုဝင်များအား အကျဉ်းချချုပ်နှောင်ထားခြင်း၊
- စွဲချက်ရှိဖြင့်ဖြစ်စေ၊ စွဲချက်မဲ့ဖြင့်ဖြစ်စေဖမ်းဆီးချုပ်နှောင်ခြင်းနှင့်ရုံဖန်ရံခါ ချုပ်မိန့် ရမန်အကြိမ်ကြိမ် ရယူခြင်း၊
- ရာဇဝတ်မှုမြောက်သောအပြုအမူမျိုးဖြစ်လာစေရန်၊ အခြားသောဆင်ခြေဆင်လက်အကြောင်းပြချက် များဖြင့်လည်းကောင်း၊ မဟုတ်မမှန်သည့်စွပ်စွဲချက်များဖြင့်လည်းကောင်းလုပ်ကြံဖန်တီးခြင်း၊
- တိုင်ကြားသူ၏ကောက်ပဲသီးနှံများအား ဖျက်ဆီးခြင်း၊
- တိုင်ကြားသူတို့အပေါ်သာကွက်၍လယ်ယာခွန် (သို့) ချေးငွေအတိုးများကိုတိုးမြှင့်ကောက်ယူခြင်း၊
- နှုတ်ဖြင့် ဆဲဆိုကြိမ်းမောင်းခြင်း (သို့) ခြိမ်းခြောက်ခြင်း
- သာမာန်ပြည်သူတို့၏အခွင့်အရေးနှင့်အကျိုးခံစားခွင့်များ သုံးစွဲကျင့်ကြံမှုပြုနိုင်ရန်အတွက် တိုင်ကြား သောသူတို့အားခွဲခြားဆက်ဆံခြင်း



# အိုင်အယ်(လ်)အို၏ကတိကဝတ်

International Labour Organization

- နိုင်ငံတော်အစိုးရ၏လမ်းစဉ်နှင့် ၎င်းအပေါ်လက်တွေ့ကျင့်သုံးနေမှုကိုကူညီပံ့ပိုးပေးရန်။
- နိုင်ငံတော်ဥပဒေကိုအာဏာသက်ဝင်မှုရှိစေရန်နှင့်၎င်းအပေါ်လက်တွေ့ကျင့်သုံးနေခြင်းအား ကူညီပံ့ပိုးမှုပြုရန်
- တိုင်တန်းမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျအကဲဖြတ်မှု
- နိုင်ငံတော်အစိုးရနှင့်ထင်သာမြင်သာရှိသောဆက်စပ်ပက်သက်မှု
- မြန်မာနိုင်ငံတော်ဥပဒေနှင့်အညီတရားမျှတမှုကိုလျော်ကန်သင့်မြတ်စွာလက်တွေ့ကျင့်သုံးနိုင်ရန်
- သက်သေအထောက်အထားအချက်အလက်များအပေါ်အခြေခံသောချဉ်းကပ်မှု **(နိုင်ငံရေးမပါ)**
- ဘက်လိုက်မှုကင်းသောချဉ်းကပ်မှုဖြင့်ထိုက်သင့်အားလျော်စွာလေးစားချီးကျူးမှုအား ထုတ်ဖော်ပြသမှု
- တည့်မှတ်မှန်ကန်စေမှု၊ ပညာပေးမှု နှင့် လမ်းစဉ်ကိုလက်တွေ့ကျင့်သုံးမှု တို့ကိုပိုမိုနှစ်သက်သောကြိုတင်ကာကွယ်မှု



# အကယ်၍တိုင်တန်းမှုသည် မှန်ကန်၍အတည်ဖြစ်ခဲ့သော် မည်သို့သောအကျိုးရလဒ်ကို မျှော်လင့်နိုင်ပါသနည်း။

International
Labour
Organization

- လျော်ကြေးပေးလျော်ခြင်း
- ကျေနပ်သည်အထိ တောင်းပန်မှုပြုစေခြင်း
- အလားတူအခြေအနေမျိုး ထပ်မံမဖြစ်စေရန်သေချာမှုရှိစေခြင်း
- ပြစ်မှုကျူးလွန်သူများကို သေချာကျနစွာ ပြစ်ဒဏ်ပေးခြင်း
- ကလေးသူငယ်အား လက်နက်ကိုင်အဖွဲ့အစည်းမှ နုတ်ထွက်ခွင့်ပြုခြင်း
- စစ်ပြေးမှုအဖြစ် တရားစွဲဆိုခံရမှုမျိုး ရှိနေခဲ့လျှင် ပယ်ဖျက်ရပ်ဆိုင်းပေးခြင်း
- သာမာန်ဘဝတိုင်းဆက်လက်နေထိုင်သွားစေခြင်း



# အကယ်၍တိုင်တန်းမှုသည် မှန်ကန်၍အတည်ဖြစ်ခဲ့သော် နိုင်ငံတော်အစိုးရအတွက် ဖြစ်နိုင်ခြေရှိသောအကျိုးရလဒ်များ

International Labour Organization

- လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ဖွံ့ဖြိုးမှု
- ကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ပေးမှု
- ထုတ်ကုန်အရည်အသွေးတိုးတက်ကောင်းမွန်စေမှု
- ဈေးကွက်စီးပွားရေးစနစ်ကိုထောက်အကူပြုမှု
- လူမှုရေးဆိုင်ရာပေါင်းစည်းညီညွတ်မှု နှင့်
- အပြည်ပြည်ဆိုင်ရာယုံကြည်မှုကို ပိုမိုတိုးပွားဖြစ်ပေါ်စေမှုတို့ဖြစ်ပါသည်



ILO

International Labour Organization

**ASIAN DECENT WORK DECADE 2006-2015**

***Decent Work for All***

# “ကျေးဇူးတင်ပါသည်”

အခြားသိလိုသောအချက်အလက်များအတွက်၊ အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


စတိ(ဖ်)မာရှယ်(လ်)

အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိ

တယ်လီဖုန်းအမှတ် း ၉၅၁ -၂၄၂ ၃၉၃၊ ၂၄၂ ၈၁၁၊ ဖက်စ်နံပါတ်း ၉၅၁-၂၄၂ ၅၉၄

အီးမေးလ်**: yangon@ilo.org**

**http://www.ilo.org/yangon/lang--en/index.htm**


